

အသစ်စက်စက်အစအဆုံးရုပ်ပြ
ပါဝင်သော
ရသစုံမှတ်စု
တစ်ပွဲစားပွဲကြီး
2011


ပွကြီး နှင့်မိုးလုံး က သံပုရာသီးတစ်လုံး ကို...ခြံဝင်းကျယ် ကြီး တစ်ခု၏... နောက်ဘက်ရှိ ဂိုထောင်ကြီး တစ်လုံးအတွင်းသို့ ခေါ်လာကြသည်...
ပွကြီးက ခုံးလုံးလုံး ဖြစ်နေသောအရာကို အုပ်ထားသည့် တာလပတ်စကို ဖယ်ရှား ပစ်လိုက်၏ ... ...
ဟျောင်း
၁၉၃၀ လောက်က...စတင်ထုတ်လုပ်ခဲ့သော ဘောက်(စ်)ဝက်ဂွန်ကားလေးတစ်စီး ထွက်ပေါ် လာသည်... ...


သူတို့တွေ ခေါ်လာသော သံပုရာသီးကြီး မျက်နှာမှာ ချဉ်ပြီး ချဉ်ပြီး ဖြစ်သွား၏ ...
ဟား... မိုက်လှချီလား...
မိုက်ရမယ်လေ...
ကောင်လေး ကို...ခင်ဗျားတွေ့ရ တာ...ကံထူးလို့ သာမှတ်...
ဘယ်က ကောင်လေးလဲ...
နားမလည်နိုင်ဟန်နှင့် မေးသော သံပုရာသီး၏ စကားကို... ပွဲကြီး က အမတ်လောင်း တစ်ယောက် ဟန်ပန်နှင့် ဖြေ၏... ... ...
အဟမ်း


ပွဲကြီးက... ကားလေးကို ညွှန်ပြရင်း...
သူလေ...သူ့ကို ပြောတာပေါ့...လျှော့မတွက်နဲ့ ဒီကောင်လေးကရုပ်ရှင်မင်းသား နာမည်ကြီး...ကံခေလို့သာ ဆော်စကားဆုန့်လွှဲခဲ့ ရတာ...
ဟာ...မင်းက ပွဲစားဗိုဗို... ... လျှောက်ရှိုးနေ ပြန်ပြီ...
ကြိတ် ထား: လွ
ပွဲကြီး က ပြုံးလိုက်ပြီး ရုပ်ရှင်မဂ္ဂဇင်း ဟောင်း တစ်အုပ်ကို ထုတ်ယူလိုက် သည်... ... ... ...
ဒီမှာကြည့်...
စာရွက်ခေါက်ပြီး မှတ်ထားသော နေရာ တစ်ခုကို လှန်ပြလိုက်သည်...


တွေ့ပြီလား... love bug ဆိုတဲ့ ဇာတ်ကားမှာ ကောင်လေး က...အဖိက မင်းသား... ဝေါ ဒစ်စနေကုမ္ပဏီက ရိုက်ခဲ့တဲ့ နာမည်ကြီး ဇာတ်ကား...
LOVE BUG
သံပုရာသီးကြီး သဘောခွေ့၍ မနောတွေ့သွား၏... ...
ဟုတ်လှချီလား ဒါ အဲဒီ ဇာတ်ကား ထဲက မင်းသား အစစ်လား...
ဟုတ်တယ်... အဲဒီတုန်းက ဗီလို ပုံစံတူ ကား မျိုး ဆယ်စီးသုံးပြီးရိုက် ခဲ့တာ... ကောင်လေးက... မင်းသား ဆယ်ယောက်ထဲက တစ်ယောက်ပေါ့...


ကြိုက်ပြီမှာ...
အို... ဟုတ်လား...
ကြိုက်ရမယ်လေ အဲဒီဇာတ်ကား ရုံတင်တော့ အရမ်းအောင်မြင်ခဲ့တာ... တစ်ကမ္ဘာလုံးက အသည်းစွဲ ဖြစ်ခဲ့တာပေါ့... အဲ နောက် ဆယ့်ငါးနှစ်အကြာမှာ
yes.
တစ်ပွဲစား ပွဲကြီး၏ တော်ကီကြားမှာ... သံပုရာသီးကြီးသာမက... မိုးလုံး ပင် ဟုတ်ခိုးခိုး ထင်သွား၏... ...
ဟိ...ဒါတွေ ဘာလို့မသိ ခဲ့ရတာ လဲ...
အဲဒီကား ဆယ်စီးကို လေလံတင် ရောင်းခဲ့တာလေ...အလု အယက် ဝယ်လိုက်ကြ တာ...မပြောပါနဲ့ တော့...


ဒါကို မြန်မာ သူဌေး တစ်ယောက်က လက်ရှုံ့ဝယ် ပြီး…မြန်မာပြည်ကိုသယ် လာခဲ့တာ…
အခု သူရောင်းမှာ သေချာပါတယ် နော်…
သေချာပြီလားဗျာ… ပိုင်ရှင်က ကျုန်တော့ကို အာဏာကုန် ရှုံ့ထားတဲ့ ဥစ္စာ ဘာကြောင့် ရောင်းတာလဲလို့ မမေးနဲ့…ခင်ဗျားသဘောကျရင် မြန်မြန် ငွေချေ…ပိုင်ရှင်က ကောင်လေးကို
သံယောဇဉ် အရမ်းကြီးတာ…တော်ကြာ စိတ်ပြောင်းသွားဦး မယ်…
ကောင်းပြီ… ဘယ်လောက်လဲ ပြော…
လေးဆယ်… သိန်းလေးဆယ်…


မများဘူးလား…ခုကောင် ဘိုးဘွားရိပ်သာ ရောက်နေတာ နောက်နာရီဝက်လောက်ဆိုပဲ ကားသချိုင်း ရောက်တော့မယ့် ဟာကို…
ဒီအသက် အရွယ်ထိ အနားမရသေးပါလား… ဪ…လူတွေ…လူတွေ… အတ္တ…လောဘ…မောဟ
ဒါက ဒီလို ရှိတယ်မျ… ဒီကောင့်ကို ကားမှုဆိုးတွေ ဝိုင်းလိုက်နေကြတာ…
ဘယ်လို… ဘယ်လို…
ဒီလိုလေ ဂျာမဏီမှာ ရှိတဲ့…ဖောက်(စ)ဝက်ဂွန် ကုမ္ပဏီက…ဒီမော်ဒယ် တွေကို…ရှေးဟောင်း ပစ္စည်းအဖြစ်လိုက်ရှာပြီး ပြန်ဝယ်နေကြတာ…
ဟင်… ဟုတ်လား…